မြန်မာနိုင်ငံတွင် ၁၉၆၂ ခုနှစ်၌ ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော တော်လှန်ရေးကောင်စီက စစ်အာဏာသိမ်းလိုက်သည့် အချိန်မှစ၍ ယနေ့လက်ရှိ နအဖစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အုပ်စိုးနေသည့် အချိန်ထိ စစ်အာဏာရှင်စနစ်ကို တောက်လျှောက် ကျင့်သုံးနေခဲ့သည်။ လူတဦး-တဖွဲ့-တပါတီ ကောင်းစားရေးအတွက် ယင်းစနစ်၏ ဆိုးကျိုးပေါင်းများစွာကို မြန်မာပြည်သူတရပ်လုံးက လွန်လွန်ကဲကဲ ခံစားနေရသည်။ ဆိုးကျိုးများအနက် နိုင်ငံ၏ တရားရေးမဏ္ဍိုင် ပျက်စီးနေပုံများ အကြောင်းကလည်း အဓိကအခန်းမှ ပါဝင်နေသည်ကို သတိရှိကြစေရန်နှင့် ပြုပြင်သင့်သည်များကို ပြုပြင်နိုင်ကြစေရန် အထူး လိုအပ်နေပါသည်။ မောင်သိန်းညွှန့် (ကော့ကရိတ်) ရေးသားသည့် အာရ်အက်ဖ်အေ (မြန်မာ)၏ အသံလွှင့် ဆောင်းပါးကို စာသားအနေဖြင့် ဖော်ပြလိုက်ပါသည်။

# ပြန်လည်သတိရလာသော စာချွန်တော် အမိန့်များ

*အာရ်အက်ဖ်အေ ပြင်ပ ဆောင်းပါးရှင် မောင်သိန်းညွှန့် (ကော့ကရိတ်)ရဲ့ မြန်မာနိုင်ငံ တရားဥပဒေနဲ့ လက်တွေ့ ပြဿနာများ (တရားဥပဒေ အကြောင်း သိကောင်းစရာ အခန်းဆက်ဆောင်းပါး)မှာ ဥပဒေမဲ့ ဖမ်းဆီးခံရမှုတွေ၊ တရားရုံးထုတ် အမှုမစစ်ဆေးပဲ ကာလရှည်ကြာ ထိန်းသိမ်းဖမ်းဆီးထားမှုတွေ၊ မရေရာတဲ့ စွဲချက်တွေနဲ့ ထောင်ဒဏ် ချမှတ်မှုတွေ စတာတွေနဲ့ ပတ်သက်လို့ ရေးသား ဖော်ပြထားပါတယ်။*
(၈-၁-၂၀၀၈ အာရ်အက်ဖ်အေ အသံလွှင့်ဆောင်းပါး)

တရားမဲ့ ဖမ်းဆီးခံရတဲ့ မှုခင်းကိစ္စတွေကို ကျနော် ရှေ့နေသက်တမ်း အတွင်းမှာ ကိုင်တွယ်ခဲ့ရဖူးပါတယ်။ ဒီအမှုကိစ္စတွေကို သက်ဆိုင်ရာတရားရုံးထံ မတင်ပြမချင်း ဖမ်းဆီးခံရသူတွေအတွက် ဥပဒေကြောင်းအရဘာမှ ဆောင်ရွက်နိုင်ခွင့် မရှိပါဘူး။ သိပ်မောခဲ့ရတဲ့ ဘဝမှုခင်း ဖြစ်ရပ်တွေလို့ ဆိုရပါလိမ့်မယ်။ အထူးသဖြင့် ယုံကြည်ချက်ကြောင့် ဖမ်းဆီးခံရတဲ့ နိုင်ငံရေးသမားတွေ၊ ကျောင်းသားတွေရဲ့ အမှုတွေ ဖြစ်ပါတယ်။

အဖမ်းခံရသူတွေဟာ ဘယ်လိုပြစ်မှုတွေနဲ့ ဖမ်းဆီး ချုပ်နှောင်ခံကြရတာလဲ၊ ဘယ်ဒေသ ဘယ်နေရာတွေမှာ ဖမ်းဆီး ချုပ်နှောင်ခံထားကြရတာလည်း ဆိုတာကို သူတို့ရဲ့ သက်ဆိုင်ရာ မိဘတွေ၊ သူတို့ရဲ့ ရဲဘော်မိတ်ဆွေတွေက အလွန်အမင်း သိချင်ကြပါတယ်။

ဒီအချိန်မှာ ကျနော်တို့ ဥပဒေပညာ သင်ကြားတုန်းက လေ့လာမှတ်သားခဲ့ရတဲ့ စာချွန်တော်အမိန့်တွေကို ပြန်လည် သတိရမိပါတယ်။ ဒီစာချွန်တော်အမိန့်တွေဟာ အခုတော့ ဥပဒေ သမိုင်းပြတိုက်ထဲ ရောက်သွားခဲ့ပါပြီ။ မြန်မာနိုင်ငံမှာ ဒီမိုကရေစီစနစ် ရုပ်သိမ်းခံရချိန်နဲ့ တဆက်တည်းမှာပဲ ဒီစာချွန်တော်အမိန့်တွေ ရုပ်သိမ်းခံလိုက်ရတာပါ။ ဒီအချက်ကို အမှန်တရားဘက်က မရပ်တည်ရဲတဲ့ ဥပဒေ ပညာရှင်တချို့က အခုလို အကြောင်းပြကြပါတယ်။

တရားလွှတ်တော်ချုပ်သို့ စာချွန်တော်အမိန့်များ လျှောက်ထား၍ မိမိ၏ အခွင့်အရေး နစ်နာဆုံးရှုံးမှုအတွက် ကြိုးပမ်းရာမှာ လုပ်ထုံးလုပ်နည်း အဆင့်ဆင့်များလှ၍ အခက်အခဲများ ရှိခြင်း၊ ငွေကုန်ကြေးကျများခြင်း၊ အချိန်ကြန့်ကြာခြင်း၊ ရှေ့နေရှေ့ရပ်များကသာ ဆောင်ရွက်ပေးနိုင်ခြင်း စသဖြင့် သာမန်လူတန်းစားများအတွက် မလွယ်ကူသောကိစ္စများ ဖြစ်သည့်အလျောက် မိမိ အခွင့်အရေး နစ်နာဆုံးရှုံးသူတိုင်း မဆောင်ရွက်နိုင်ချေ ဆိုပြီး အကြောင်းပြခဲ့ကြတာပါ။

ပြောမယ်ဆိုရင် စာချွန်တော်အမိန့်တွေ ရုပ်သိမ်းခံရတာဟာ ဒီမိုကရေစီကို အခြေခံတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေအရ နိုင်ငံသားတွေ အနေနဲ့ အကာအကွယ် ရယူနိုင်တဲ့ အခွင့်အရေးတွေ ဖျက်သိမ်းခံလိုက်ရတာပါပဲ။ အဲဒီအကျိုးဆက်ကတော့ အပြစ်ကင်းမဲ့သူတွေဟာ စွဲချက်မရှိပဲ အဖမ်းခံခဲ့ကြရ၊ ရှေ့နေငှားရမ်းခွင့်မရပဲ အပြစ်ပေးခံခဲ့ကြရ၊ အမှုစစ်ဆေးခြင်း မရှိပဲ ကာလရှည်ကြာ အချုပ်အနှောင်ခံကြရတာ ပါပဲ။ ဒီလို

တုန်လှုပ်ချောက်ခြားစရာကောင်းတဲ့ ဖြစ်ရပ်တွေအတွက် တရားဥပဒေ အကာအကွယ် မုချ လိုအပ်ပါတယ်။

မြန်မာနိုင်ငံက ပါဝင် အတည်ပြု လက်မှတ်ရေးထိုးခဲ့တဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ်(၈)မှာလည်း ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ အခြား ဥပဒေတွေက ပေးအပ်ထားတဲ့ အခြေခံအခွင့်အရေးတွေ ချိုးဖောက် ဖျက်ဆီးခံရမယ်ဆိုရင် နစ်နာဆုံးရှုံးသူတွေအနေနဲ့ တရားရုံးမှာ ထိရောက်စွာ သက်သာခွင့် ရနိုင်စေရမည် လို့ ဆိုထားပါတယ်။

တရားဥပဒေ စိုးမိုးမှုရှိတဲ့ ဒီမိုကရေစီနိုင်ငံတွေမှာတော့ အဆင့်အမြင့်ဆုံးဖြစ်တဲ့ နိုင်ငံတော် တရားရုံးချုပ်မှာ ရှေ့တော်သွင်း စာချွန်တော်အမိန့်၊ အာဏာပေး စာချွန်တော်အမိန့်၊ တားမြစ်စေ စာချွန်တော်အမိန့်၊ အာဏာပိုင်မေး စာချွန်တော်အမိန့်၊ အမှုခေါ် စာချွန်တော်အမိန့်တွေကို ထုတ်ပိုင်ခွင့်အာဏာ ရှိပါတယ်။

စီရင်ထုံးတွေကို လေ့လာကြည့်မယ်ဆိုရင် လူတဦးတယောက် ဒါမှမဟုတ် လူတစု-တဖွဲ့ကို တရားမဲ့ဖမ်းဆီး ချုပ်နှောင်တဲ့အခါမှာ စာချွန်တော်အမိန့်ဟာ နိုင်ငံသားတွေအတွက် ဥပဒေလက်နက်တွေ ဖြစ်နေတာ တွေ့ရမှာဖြစ်ပါတယ်။ စာချွန်တော်အမိန့်ဟာ အကြောင်းမရှိပဲ တရားမဲ့ဖမ်းဆီး ချုပ်နှောင်မှုမျိုးတွေကို တားဆီးဟန့်တားပြီး ဥပဒေအရ ရုံးတင်စစ်ဆေးဖို့ ဖြစ်ပါတယ်။ ဒါ့အပြင် ရုံးတင် စစ်ဆေးခြင်းမပြုပဲ ချုပ်နှောင်ထားခံရသူတွေ၊ ဥပဒေလက်လွတ် ဖမ်းဆီးချုပ်နှောင်ခံထားရသူတွေကို ရုံးတော်သို့သွင်းပြီး ဖမ်းဆီးသူ အာဏာပိုင်တွေက ဥပဒေအရ ထုချေရှင်းလင်းရပါတယ်။ ရုံးတော်က ကျေနပ်လောက်အောင် ထုချေ ရှင်းလင်းခြင်း မပြုနိုင်ဘူးဆိုရင် အာဏာပိုင်တွေအနေနဲ့ ဖမ်းဆီးခံထားရသူတွေကို ပြန်လွှတ်ပေးဖို့ တရားရုံးချုပ်က အမိန့်ထုတ်ဆင့်နိုင်ပါတယ်။

ရှေ့တော်သွင်း စာချွန်တော်အမိန့်နဲ့ ပတ်သက်လို့ ၁၉၅၀ ပြည့်နှစ် မြန်မာနိုင်ငံ တရားစီရင်ထုံးမှာ ဖော်ပြထားတာကို တင်ပြလိုပါတယ်။

ရထားတစီးပေါ်မှာ ပစ္စတိုတလက်နဲ့ ကျည်ဆန်တချို့ကို လူပုဂ္ဂိုလ် (၅)ဦးထံက မိတဲ့ကိစ္စမျိုးမှာတောင် အပြစ်မပေးနိုင်ခဲ့ပါဘူး။ ပြည်သူ့ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းစောင့်ရှောက်ရေးဥပဒေ ပုဒ်မ ၅(က)နဲ့ ဖမ်းဆီး ချုပ်နှောင်ရာမှာ မရေရာ မသေချာတဲ့ စွဲချက်တွေကို အခြေခံရန် မသင့်ကြောင်း အခြေခံဥပဒေအရ ခွင့်ပြုထားတဲ့ နိုင်ငံသားတို့ရဲ့လွတ်လပ်ခွင့်ကို ပေါ့ပေါ့တန်တန် သဘောထားပြီး ချိုးဖောက်ခြင်း မပြုအပ်ကြောင်း ဖော်ပြထားပါတယ်။

ဒါ့အပြင် တရားစွဲဆိုခံရတဲ့ ပုဂ္ဂိုလ်ဟာ နောက်လိုက်နောက်ပါတွေ ဝိုင်းရံပြီး သူ့ရဲ့ခေါင်းဆောင်မှုနဲ့ လက်နက်ကိုင် ပုန်ကန်ထကြွမှု ကျယ်ပြန့်သွားနိုင်ကြောင်း ရန်ကုန် ရဲမင်းကြီးရဲ့အကြောင်းပြချက်ဟာ ဖြစ်နိုင်စရာရှိမှုမျှ အပေါ်မှာသာ အခြေခံထားခြင်းသာဖြစ်လို့ ဒီအမှုမှာ ငြိမ်ဝပ်ပိပြားမှု ထိန်းသိမ်းစောင့်ရှောက်ရေး အက်ဥပဒေ ၅(က)က ခွင့်ပြုထားတဲ့အာဏာကို အသုံးပြုခွင့် မရှိကြောင်း တရားရုံးချုပ်က ဆုံးဖြတ်ပြီး နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးတွေကို အကာအကွယ် ပေးခဲ့ပါတယ်။

ဒီတော့ ပြစ်မှု မကျူးလွန်ရသေးသော်လည်း ပြစ်မှု ကျူးလွန်နိုင်စရာရှိတယ် ဆိုတဲ့ ထင်မြင်ချက်တွေနဲ့ ဖမ်းဆီး ချုပ်နှောင်နေတဲ့ ခေတ်ကာလမျိုးမှာတော့ စာချွန်တော်အမိန့်တွေဟာ နိုင်ငံသားတွေအတွက် ဥပဒေအရ အားကိုးစရာ ပါပဲ။

ဒီမိုကရေစီကျင့်စဉ်ကို လိုက်နာကျင့်သုံးခဲ့တဲ့ ၁၉၄၈ ခုနှစ်ကနေ ၁၉၆၂ ခုနှစ် ကာလမှာ ချမှတ်ခဲ့တဲ့ တရားလွှတ်တော်ချုပ်ရဲ့ ရှေ့တော်သွင်း စာချွန်တော်တွေဟာ အင်မတန် မှတ်သားဖို့ ကောင်းပါတယ်။ ကျန် စာချွန်တော်တွေရဲ့ ဥပဒေဆိုင်ရာ ဖွင့်ဆိုချက်နဲ့ စီရင်ထုံးတွေကိုလည်း နောင်မှာ အလျဉ်းသင့်သလို ကိုးကား ဖော်ပြသွားပါမယ်။

တကယ်တော့ တရားမျှတမှု ကင်းမဲ့တဲ့ ဘဝတွေကို ဖြတ်သန်းရချိန်မျိုး၊ လူ့အခြေခံအခွင့်အရေးတွေ ရုပ်သိမ်းခံရတဲ့ ဘဝတွေကို ရင်ဆိုင်လာရချိန်မျိုးတွေမှာတော့ ဘယ်လူသားမဆို အမှောင်ထုထဲမှာ ဥပဒေ အလင်းရောင်ကို ရှာဖွေကြတာ ဓမ္မတာ ပါပဲ။

ကျနော်တို့ ရှေ့နေသက်တမ်းအတွင်းမှာ မရခဲ့တဲ့ ပျောက်ဆုံးသွားတဲ့ စာချုန်တော်အမိန့်တွေ၊ ဆိုင်ရာ ဥပဒေ ပြဌာန်းချက်တွေဟာ ဒီမိုကရေစီစနစ် ဖြစ်ပေါ်တိုးတက်မှုနဲ့အတူ ပြန်လည် အသက်ဝင်လာပါလိမ့်မယ်။

ဒီနေရာမှာ တခု သတိချပ်ရမှာကတော့ စစ်မှန်တဲ့ ဒီမိုကရေစီ ရလာတဲ့အခါမှာ စာချုန်တော်က ပေးထားတဲ့ ဥပဒေ အခွင့်အရေးတွေကို နိုင်ငံသားတွေ အမှန်တကယ် ရလိမ့်မယ် ဆိုတဲ့အချက်ပါပဲ။

တရားဥပဒေရဲ့ အကာအကွယ်ကို မြန်မာနိုင်ငံသားအားလုံး ခံစားနိုင်ကြပါစေ။

မောင်သိန်းညွှန့် (ကော့ကရိတ်)

-----------------